# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး

## ၃၉ ရက်မြောက်နေ့အစီအစဉ်

## [ ၅-၉-၂၀၁၂ ] ( ဗုဒ္ဓဟူးနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးခွန်လိန်း၊ ဖလမ်း မဲဆန္ဒနယ်၏ အခြေခံဥပဒေနှင့် အညီ မူလတန်း အဆင့်တွင် မိမိတို့၏ တိုင်းရင်းသားစာပေကို အင်္ဂလိပ်စာနှင့် တွဲဖက်သင်ကြားပေးနိုင်ပါရန် နှင့် စပ်လျဉ်းသည့် မေးခွန်း

(ခ) ဦးအောင်ဆန်း၊ ပန်းဘဲတန်း မဲဆန္ဒနယ်၏ ပုဂံခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ် မြန်မာ့အနုပညာသဘင်နှင့် ပတ်သက်သော ဇာတ်လမ်း၊ အငြိမ့်သဘင်၊ သီချင်းဟောပြောချက်များ ပြန်လည်ဖော်ထုတ်ပေးပါရန် နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ " **Union Level ဒို့ဟာသို့မဟုတ် ပြည်ထောင်စုအဆင့် ဖွင့်ဆိုခြင်း၏ နောက်ဆက်တွဲ ဆန်းစစ်ချက်**" ဆိုသည့် ဆောင်းပါးနှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသောင်းဟန်၊ ယင်းမာပင် မဲဆန္ဒနယ်၏ စုံစမ်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဆွေနှင့် အဖွဲ့ဝင်များကို ကန့်ကွက်ခဲ့သည့် ယင်းကန့်ကွက်ချက်အပေါ် ဥပဒေရေးရာကော်မရှင်အနေဖြင့် မည်သို့ သုံးသပ်ရရှိကြောင်း နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င)  ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား စွပ်စွဲပြစ်တင်ရန် အမျိုးသားလွှတ်တော်က မဲဆန္ဒ သုံးပုံနှစ်ပုံကျော်ဖြင့် ဆုံးဖြတ်ပြီးဖြစ်၍ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် တစ်ဖွဲ့လုံးအား စုံစမ်းရေးအဖွဲ့အနေဖြင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေ နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်က " **နိုင်ငံအဝှမ်းရှိ သစ်တောကြိုးဝိုင်းများ အတွင်းမှ လယ်မြေများအား ဥပဒေနှင့်အညီ တရားဝင် လုပ်ကိုင်ခွင့်ရသော လယ်ယာမြေများအဖြစ် ဆောင်ရွက်ပေးပါရန်"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က " **အဂတိလိုက်စားမှု တားမြစ်ရေး ဥပဒေကြမ်း** " ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၉။ **" အဂတိလိုက်စားမှု တားမြစ်ရေး ဥပဒေကြမ်း "** ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၀။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်း ကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော "**လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဥပဒေကြမ်း**" နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်

ဆွေးနွေး၍ အတည်ပြုနိုင်ရန် အတွက် ဥပဒေကြမ်းကော်မတီက ပြန်လည် စိစစ်ဆောင်ရွက်ခြင်း၊ ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ၃၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၄၀ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။